မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail :
blcsan@ksc.th.com;   Website : www. blc-burma.org

# ၃၅ - နှစ်မြောက် ဖွန် ၆ အထွေထွေ အလုပ်သမားသပိတ်ကြီး အထိမ်းအမှတ် သုံးသပ်ထုတ်ပြန်ချက်

၁။ ဗြိတိသျှ ကိုလိုနီအုပ်ချုပ်ရေး ဗျူရိုကရေစီ ယန္တရားကြီးကို ၁၉၄၆ ခုနှစ်စက်တင်ဘာ အလုပ်သမား လယ်သမား အမှုထမ်းပေါင်းစုံ အထွေထွေသပိတ်တိုက်ပွဲကြီးဖြင့် ရိုက်ချိုးခဲ့သည့် သမိုင်းအစဉ် အလာရှိခဲ့သည်။ နိုင်ငံရေးစိတ်ဓာတ်နိုးကြားမှု၊ လွတ်လပ်ရေးတောင်းဆိုမှု၊ ဒီမိုကရေစီ အခွင့်အရေး များကို တောင်းဆို တိုက်ပွဲဝင်မှုတို့ကြောင့်၊ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ (၉)ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်းကိုယ်တိုင် လွတ်လပ်ရေးကို ပြတ်ပြတ်သားသား တောင်းဆိုနိုင်သည်အထိ ထိရောက် အောင်မြင်ခဲ့သည်။

၂။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက် အမျိုးသားလွတ်လပ်ရေးနေ့ သမ္မတ မိန့်ခွန်းတွင်-
" အရင်းရှင်ဝါဒ ကို ပိတ်ပင်ပယ်ဖျက်၍ တိုင်းသူပြည်သားများသာပိုင်ဆိုင်ခွင့်ရှိသော **ဆိုရှယ်လစ်နိုင်ငံ** တည်ဆောက်ရန်ဖြစ်သည်။"

" မြေရှင် စနစ်ကိုဖြိုဖျက်ရန် အလုပ်သမားတို့၏အခွင့်အရေးများကိုလည်း တိုးတက်စေ လျက်၊အ ရင်းရှင်စနစ်ကို ဖြိုဖျက်ပစ်ရန် ကျွန်ုပ်တို့ အစိုးရကရည်သန်သည်။" ဟု မိန့်ကြားခဲ့သည်။

၃။ ယနေ့ မြန်မာနိုင်ငံ တွင် " နအဖ စစ်အစိုးရ က **အစိုးရလက်ဝါးကြီးအုပ် မြေရှင်ကြီးစနစ်**ကို လက်ကိုင်ကျင့်သုံးနေ သည်ဆိုသည်မှာ မည်သူမှငြင်းပယ်၍မရနိုင်သော လက်တွေ့ဖြစ်ရပ်" ပင်ဖြစ်သည်။

" ပြည်သူလူထုကို အကြောက်တရားလွှမ်းမိုးစေခြင်းဖြင့် အုပ်ချုပ်ထားသော စစ်အစိုးရ၏ ဖက်ဆစ်စနစ်သည်သာ ငြင်းပယ်၍ မရနိုင်သောအရင်းရှင်စနစ်" ဖြစ်သည်။

၄။ "၁၉၆၄ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ" ဥပဒေ ပုဒ်မ-၁၂ ၊ ၁၃ ပြဋ္ဌာန်းချက်များပါ အလုပ်သမားများ၏ အခွင့်အရေးများကို န.အ.ဖ စစ်အစိုးရအနေဖြင့် လုံးဝအကောင် အထည်ဖေါ်ဆောင်ရွက်ပေးခြင်းမရှိကြောင်းကို အလုပ်သမားဆေးရုံများ ပိတ်ပင်ထားခြင်းက သက် သေပြသလျက်ရှိသည်။ အစိုးရ အရပ်ဘက် ဝန်ထမ်းဌာနများ၊ စက်ရုံအလုပ်ရုံများတွင် စစ်ဗိုလ်များ ကိုယူနီဖောင်းချွတ် သွတ်သွင်း အုပ်ချုပ်စေခြင်းဖြင့် အလုပ်သမားများ၊ ဝန်ထမ်းများ၏ သက်သာ ချောင်ချိခွင့်ဆိုသည်မှာ မျက် ကွယ်ပြု လျစ်လျူရှုခြင်းခံထားရပေသည်။

၅။ ယနေ့ခေတ် အလုပ်သမားများ၏ အကျပ်အတည်းများကဲ့သို့ပင် မ.ဆ.လ အစိုးရလက်ထက်တွင် လည်း ကြုံတွေ့ခဲ့ရကာ၊ ၁၉၇၄ ခုနှစ် ဖွန်လ (၆) ရက်နေ့တွင် အလုပ်သမားများက "ဆန်လုံ လောက်စွာရရှိရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လစာတိုး မြှင့် ပေးရေး" စသည့် ရဲရဲတောက်တောင်းဆိုချက်များဖြင့် လည်းကောင်း ထိုမှတဆင့် " မ.ဆ.လ ပြည် သူ့အလုပ်သမားကောင်စီ ဖျက်သိမ်းရေး" အထိ ပြင်းပြင်းထန်ထန်တိုက်ပွဲဝင်မှုများဖြင့် လည်း ကောင်း၊ လုပ်သားပြည်သူပေါင်းများစွာ၏ အသက်သွေးချွေးပေါင်းများစွာပေးဆပ်ခြင်းဖြင့် သမိုင်း

မှတ်တမ်းတင်ခဲ့ပေသည်။ ထိုသမိုင်းထိုမှတ်တမ်းကို မည်သည့် အာဏာစက်ဖြင့်မှ ဖျောက်ဖျက် ပျောက်ကွယ်သွားအောင်လုပ်ဆောင်နိုင်ကြမည်မဟုတ်ပေ။

၆။ “ မ.ဆ.လ ပြည်သူ့အလုပ်သမားကောင်စီ” ဖျက်သိမ်းပေးလိုက်ရသည်အထိအောင်မြင်ခဲ့သည်။ ၁၉၇၄ခုနှစ် ဇွန်လ (၆) ရက်နေ့ အလုပ်သမားသပိတ်ကြီးသည် မ.ဆ.လ တပါတီ အာဏာရှင် စနစ်ဆိုး ပြိုကျပျက်စီးရာ (၈၈) နိုင်ငံလုံးဆိုင်ရာ အုံကြွမှုကြီး ဖြစ်ပေါ်လာစေသည့် အစဦး အောင်မြင်သော တိုက်ပွဲတစ်ခု လည်းဖြစ်ပေသည်။

၇။ ယနေ့မျက်မှောက်ကာလ အုပ်ချုပ်လျက်ရှိသော န.အ.ဖ စစ်အစိုးရသည် မ.ဆ.လ အာဏာရှင် ထက်ပင် အလုပ်သမားများ၏ အခွင့်အရေးများကို ချိုးဖောက်ဖိနှိပ်လျက်ရှိသည်မှာ မြန်မာ့လုပ် သားပြည်သူထု တရပ်လုံးသိရှိခဲ့ပြီးဖြစ်သည်။

၈။ ၁၉၇၄ ခုနှစ် ဇွန်လ (၆) ရက်နေ့အထွေထွေအလုပ်သမား သပိတ် အောင်မြင်ရာ စိတ်ဓာတ်များကိုပြန်လည် အမှတ်ရစေခြင်းအားဖြင့်လည်းကောင်း၊ ယင်းနေ့တွင်တိုက်ပွဲဝင် အသက်စွန့်သွားခဲ့ကြသော အညတရ အာဇာနည်များကို လေးစားချီးကျူး ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ ယနေ့ကာလ မြန်မာနိုင်ငံ၌ ရင်ဆိုင်နေကြရသည့် အလုပ်သမားများ၊ လုပ်သား ပြည်သူများ၏ အထွေထွေအကျပ် အတည်းများကိုကျော်လွှားနိုင်သည့် နည်းလမ်းမှာ ဇွန်လ (၆) ရက် စိတ်ဓာတ်မျိုးဖြင့်သာ အောင်မြင်ပေလိမ့်မည်ဟု မမိုတ်မသုန် ယုံကြည်ပါသောကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ လုပ်သားထုအင်အားကို လေးစားအားကိုးစွာ ထုတ်ပြန်နှိုးဆော် အပ် ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အသေးစိတ်သိလိုလျှင်
ဦးမျိုး (တာဝန်ခံ) ဥပဒေရေးရာသုံးသပ်ရေးဌာန ဖုန်း-၀၈၆ ၂၁၆ ၀၁၀၈
(၅-၆၂၀၀၉)